HUMAN
RIGHTS
WATCH

# ဖျက်ဆီးခံလိုက်ရသည့် မျှော်လင့်ချက်များ

## မြန်မာနိုင်ငံ၌ ငြိမ်းချမ်းစွာထုတ်ဖော်ပြောဆိုမှုအား ပြစ်မှုမြောက်စေခြင်း

# အကျဉ်းချုပ်

> အခုအခါသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုအကြောင်း ပြောဆိုရန် အချိန်ဖြစ်သည်။ ပိုကောင်းလာမည်ဟု ကျွန်တော်တို့ မျှော်လင့်ခဲ့သော်လည်း ယင်းမှာ ပို၍ပို၍ ဆိုးလာနေသည်။
>
> —မောင်စောင်းခ၊ တက်ကြွလှုပ်ရှားသူနှင့် ကဗျာဆရာ၊ ရန်ကုန်၊ ၂၀၁၈ ခုနှစ် ဧပြီလ

> ၎င်းတို့က ဥပဒေကို ပြည်သူတွေကိုကာကွယ်ရန် သုံးနေခြင်းမဟုတ်ဘဲ ကန့်သတ်ချုပ်ချယ်ရန် သုံးနေကြခြင်း ဖြစ်သည်။
>
> —ခင်စန္ဒာထွန်း၊ လူထုပညာပေးသူ၊ ရန်ကုန်၊ ၂၀၁၈ ခုနှစ် ဖွန်လ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ၂၀၁၆ ခုနှစ် မတ်လတွင်၊ ၁၉၆၂ ခုနှစ်ကတည်းကစ၍ မြန်မာနိုင်ငံ၌ ပထမဆုံး ဒီမိုကရေစီနည်းကျကျ ရွေးကောက်ခံရသည့် အရပ်သားဦးဆောင်သော အစိုးရအဖြစ် အာဏာရခဲ့ကာ နိုင်ငံတွင် ပွင့်လင်းမြင်သာမှုဘက်သို့ သိသာစွာပြောင်းလဲမှုကို မြင်တွေ့ရမည်ဟူသော ကြီးမားသည့် ယုံကြည်မှုပေါ်ပေါက်ခဲ့သည်။ လွှတ်တော်ကိုယ်တိုင်၌ နိုင်ငံရေးအကျဉ်းသားဟောင်းများဖြစ်ခဲ့သော အဖွဲ့ဝင်သစ် ၁၀၀ ပါဝင်ခဲ့ကာ၊ အစိုးရအနေဖြင့် နိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် လွတ်လပ်စွာစုရုံးခြင်းတို့အပေါ် ကာလကြာရှည်စွာ ကန့်သတ်ချုပ်ချယ်ခဲ့သည့် ဥပဒေများနှင့် မူဝါဒများအပေါ် ကျယ်ပြန့်စွာသက်ရောက်မှုရှိသော ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်လိမ့်မည်ဟု မျှော်လင့်စရာ အကြောင်းရှိခဲ့သည်။

၎င်းယုံကြည်မှုမှာ အခြေအမြစ်မရှိဟူသည်ကို သက်သေပြခဲ့ပြီးဖြစ်သည်။ ခြွင်းချက်အနည်းငယ်ဖြင့် လွှတ်တော်သည် ယခုချိန်အထိ ဟောပြောမှုနှင့် စုရုံးမှုများကို ဆန့်ကျင်၍အသုံးပြုသော ဥပဒေအများစုအပေါ် ထိရောက်သည့် အပြောင်းအလဲများ ပြုလုပ်ရန် ပျက်ကွက်ခဲ့သည်။ ယင်းသို့ပြုမည့်အစား ယင်းနှင့်ဆန့်ကျင်ဘက်ဖြစ်သည့် ရက်စက်သော ဥပဒေအချို့ကို ခိုင်မာစေလျက် ဟောပြောမှုအပေါ် ကန့်သတ်ချုပ်ချယ်မှုအသစ်များ ချမှတ်သည့်ဥပဒေ အနည်းဆုံး တစ်ရပ်ကို ပြဋ္ဌာန်းခဲ့၏။ မြန်မာသတင်းသမားများ ကာကွယ်ရေးကော်မတီအဖွဲ့ဝင်တစ်ဦး ပြောသကဲ့သို့ "ပြောသည့်အရာကို အစိုးရမှမကြိုက်ပါက မည်သည့်ဥပဒေနှင့်မဆို တရားစွဲနိုင်သည်။ ဥပဒေမရှိလျှင် ဥပဒေအသစ်တစ်ရပ် ပြုလုပ်လိုက်ကာ ထိုဥပဒေဖြင့် တရားစွဲနိုင်သည်။"

မီဒီယာများနှင့်ရော အွန်လိုင်းတွင်ပါ အကြောင်းအရာအမျိုးမျိုးအပေါ် ဆွေးနွေးမှုများ ဝေဆာစွာပေါ်ထွန်းနေလျက် ရှိသော်လည်း အစိုးရ၊ အစိုးရအရာရှိများ၊ တပ်မတော် သို့မဟုတ် ရခိုင်ပြည်နယ်ရှိအဖြစ်အပျက်များအပေါ် ဝေဖန်ပြောဆိုသူများသည် မကြာခဏ အဖမ်းဆီးခံရကာ အရေးယူခံရ၏။ "မီဒီယာ၌ [အငြင်းပွားဖွယ် အကြောင်းအရာများ] ပြောဆိုသည့်အခါ မည်သည့်အရာမဆိုဖြစ်နိုင်သော်လည်း ကျွန်မတို့အနေဖြင့် ဆက်၍ ပြောဆိုနေရသည်" ဟု ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှုကော်မတီ၏ ထောက်ခံအားပေးမှု ညွှန်ကြားရေးမှူး သဥ္ဇာရွှန်းလဲ့ရည်က ပြော၏။ "ယင်းမှာ ကံစမ်းမဲနိုက်သကဲ့သို့ ဖြစ်သည်ဟု ကျွန်မတို့ပြောကြသည်။ မည်သည့်အချိန်တွင်ဖြစ်မည်ကို ကျွန်မတို့မသိပါ။"

အစိုးရသစ်လက်အောက်တွင် စာနယ်ဇင်းလွတ်လပ်ခွင့် ကျဆင်းမှုသည် အထူးသိသာထင်ရှားပေသည်။ စူးစမ်းလေ့လာရေး မဂ္ဂဇင်းတစ်ခုဖြစ်သည့် *မော်ကွန်း* မဂ္ဂဇင်း၏ အယ်ဒီတာနှင့် မြန်မာဂျာနယ်လစ်ကွန်ရက်၏ အလုပ်အမှုဆောင် ကော်မတီဝင် ဗေယျာလှိုင်ပြောသကဲ့သို့ "၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ NLD မှ စာနယ်ဇင်းကို အကာအကွယ်ပေး၍ လွတ်လပ်သော မီဒီယာများ မြှင့်တင်ပေးမည်ဟုဆိုခဲ့၏။ နှစ်နှစ်ကြာပြီးနောက်တွင် စာနယ်ဇင်း လွတ်လပ်မှုမှာ တစ်နေ့တခြား သာ၍ဆိုးလာ၏။"

မြန်မာနိုင်ငံအတွင်း တွေ့ဆုံမေးမြန်းမှုများနှင့် ၂၀၁၆ ခုနှစ်ကတည်းက ဥပဒေရေးရာနှင့်မူဝါဒအပြောင်းအလဲများ၏ သုံးသပ်ချက်အပေါ် အများအားဖြင့် အခြေခံထားသည့် ဤအစီရင်ခံစာသည် အာဏာရရှိပြီး နှစ်နှစ်ကျော်အတွင်း NLD အစိုးရ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုရုံးခွင့် အစဉ်အလာကို ချင့်ချိန်ဆုံးဖြတ်ထားပါသည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် ဇွန်လတွင် ထုတ်ဝေခဲ့ကာ ဟောပြောမှုကိုဖိနှိပ်ရန် အများဆုံး အသုံးပြုလေ့ရှိသော ဥပဒေများကို အလေးပေးရေးသားထားသော ယခင်အစီရင်ခံစာဖြစ်သည့် *"They Can Arrest You at Any Time": The Criminalization of Peaceful Expression in Burma ("သင့်ကို ၎င်းတို့ အချိန်မရွေး ဖမ်းဆီးနိုင်သည်"၊ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာ ထုတ်ဖော်ပြောဆိုမှုအပေါ် ရာဇဝတ်မှုပြုခြင်း)* ကို ပြုပြင်မွမ်းမံထားပါသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် ပိုမိုဆိုးရွားလာနေကာ၊ အရာရှိများကို ဝေဖန်သည့် Facebook အသုံးပြုသူများမှစ၍ စစ်ဆန့်ကျင်ရေး သရော်ပြဇာတ်တင်ဆက်ကပြသည့် ကျောင်းသားများအထိ ကျယ်ပြန့်သောလူအမျိုးမျိုးကို တိုက်ရိုက် သက်ရောက်လျက်ရှိ၏။ ပြည်တွင်းသတင်းသမားများအနေဖြင့် အထူးအန္တရာယ်ရှိနေသည်ဟု ကျွန်ုပ်တို့ သုံးသပ်ပါသည်။

* * *

လွန်ခဲ့သည့်နှစ်နှစ်ခွဲကာလအတွင်း အကြောင်းမဲ့ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ အကျဉ်းချခြင်းနှင့် ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်းတို့ ခံရသော သတင်းစာသမားများဦးရေ တိုးပွားလျက်ရှိသည်။ ၎င်းတို့သည် ပဋိပက္ခဖြစ်နေသော ဒေသများသို့ သွားရောက်ခြင်းနှင့် အစိုးရမူဝါဒများ၊ စီအစဉ်များတို့နှင့်ပတ်သက်သည့် သတင်းအချက်အလက် ရယူခြင်းများ ငြင်းဆိုခံခဲ့ရသည်။  ဤကဲ့သို့သော ပတ်ဝန်းကျင်၌  (လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ) Free Expression Myanmar ၏ သတင်းသမားများအပေါ် ၂၀၁၈ ခုနှစ် စစ်တမ်းအရ "ပြင်ဆင်ရန်အစီအစဉ်များ အမှန်တကယ်မရှိသည့် ဖိနှိပ်ချုပ်ချယ်သော ဥပဒေဟောင်းများကို ဆက်လက် အသုံးပြုခြင်းနှင့် ဖိနှိပ်ချုပ်ချယ်သော ဥပဒေသစ်များကို ကျင့်သုံးခြင်းဖြင့် တပ်မတော်အပါအဝင် အစိုးရသည် မြန်မာနိုင်ငံတွင် စာနယ်ဇင်းလွတ်လပ်ခွင့်အပေါ် အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်သည်" ကို တွေ့ခဲ့ရသည်မှာ အံ့သြဖွယ်ရာမဟုတ်ပေ။

အာဏာပိုင်များသည် ဆက်သွယ်ရေးဥပဒေ၊ မတရားအသင်း အက်ဥပဒေနှင့် အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေအပါအဝင် ဥပဒေအမျိုးမျိုးအရ သတင်းသမားများကို ဖမ်းဆီးခဲ့၏။ မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်နေသော ဒေသန္တရအဖွဲ့အစည်းတစ်ခုဖြစ်သည့် အသံမှ ကောက်ယူခဲ့သော ကိန်းဂဏန်းများအရ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှစ၍ NLD ဦးဆောင်သော အစိုးရလက်အောက်တွင် သတင်းသမား အနည်းဆုံး ၄၃ ဦး အဖမ်းဆီးခံခဲ့ရပြီးဖြစ်သည်။ "ဤသည်မှာ သတင်းသမားများနှင့် ၎င်းတို့နှင့်အတူ လုပ်ကိုင်သူများကို ကျောချမ်းစေသည်" ဟု ဇေယျာလှိုင်မှ ဆိုပါသည်။

အချို့သောအကြောင်းအရာများမှာ ဖော်ပြရန်အထူးအန္တရာယ်ရှိသည်ဟု မြင်ကြပါသည်။ သတင်းစာဆရာ အောင်နိုင်စိုး၏ အပြောအရ "ဒေါ်အောင်ဆန်းစုကြည် သို့မဟုတ် NLD ကို ဝေဖန်ပါက ပြဿနာတက်နိုင်သည်။ အန္တရာယ်ရှိဆုံးကိစ္စမှာ ရိုဟင်ဂျာကိစ္စဖြစ်သည်။" မြန်မာသတင်းသမားများ ကာကွယ်ရေးကော်မတီ အဖွဲ့ဝင်ခေါင်းဆောင်တစ်ဦးက ရိုဟင်ဂျာနှင့် တပ်မတော်တို့မှာ "မထိနိုင်သော" ကိစ္စများဟုပြော၏။ "သတင်းသမားတစ်ဦးသည် တပ်မတော်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း သတင်းပို့လိုပါက ယင်းမှာ ကြီးမားသောပြဿနာဖြစ်သည်။  ယခင်က ကျွန်တော်တို့တွင် ဤပြဿနာများရှိခဲ့သော်လည်း ယခုပိုမိုများပြားနေ၏။ ယင်းမှာ ကျွန်တော်တို့အတွက် လွန်စွာထိခိုက်၏။"

အကျိုးဆက်အနေဖြင့် ဒေသခံသတင်းသမားများအကြား ကြောက်ရွံ့သည့်ခံစားမှုရှိနေသည်။  သတင်းသမားတစ်ဦးက "နိုင်ငံတကာသတင်းသမားများထက် ကျွန်တော်တို့ သာ၍ကြောက်လန့်ရသည်မှာ ခုခံနိုင်စွမ်း သာ၍နည်းသောကြောင့် ဖြစ်သည်၊ ကျွန်တော်တို့သည် ဤနိုင်ငံတွင် နေထိုင်နေကြသည်။ ဒေသခံ သတင်းသမားများအနေဖြင့် ကျွန်တော်တို့အတွက် အလုပ်အကိုင်လုံခြုံမှု သို့မဟုတ် ဘေးကင်းရေးအတွက် အာမခံမရှိပေ။" ဟုဆို၏။

သတင်းစာဆရာ လဂီဝမ်ပြောသကဲ့သို့ "မြန်မာပြည်မှသတင်းစာသမားများသည် ၎င်းတို့ကို ကြည့်ရှုစောင့်ရှောက်ထားမည့် မိဘတစ်ပါး သို့မဟုတ် ဖခင်တစ်ပါး မရှိကြောင်း ကျွန်တော် မကြာခဏပြောလေ့ရှိပါသည်။ ကျွန်တော်တို့က မိဘမဲ့တွေပါ။

ကျွန်တော်တို့ကို အဘယ်သူကယ်မည်ဆိုသည်ကို မသိပါ။ အန္တရာယ်များရှိသည့်ကြားမှ ကျွန်တော်တို့သည် ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သော်လည်း ကျွန်တော်တို့ကို ကာကွယ်ပေးနိုင်သူ တစ်ဦးမျှမရှိပေ။"

ခက်ခဲသည့်အကြောင်းရာများကို ကိုင်တွယ်သည့် သတင်းစာသမားများသည်လည်း အစွန်းရောက်အမျိုးသားရေးဝါဒီများနှင့် အစိုးရ သို့မဟုတ် စစ်တပ်၏စစ်သွေးကြွထောက်ပံ့သူများထံမှ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ရပြီး ထိုကဲ့သို့သော ခြိမ်းခြောက်မှုများအား ဆန့်ကျင်သည့် ပံ့ပိုးမှုများကို အာဏာပိုင်များထံမှ အနည်းငယ်သာရရှိသည်။ မြန်မာဂျာနယ်လစ်ကွန်ရက်၏ရုံး၌ စီစဉ်ထားခဲ့သော သတင်းစာရှင်းလင်းပွဲကို ကန့်ကွက်ရန် အစွန်းရောက် အမျိုးသားရေးဝါဒီ အုပ်စုကြီးတစ်စု စုရုံးခဲ့ပြီးနောက် အိမ်ရှင်မှ မြန်မာဂျာနယ်လစ်ကွန်ရက်ကို နှင်ထုတ်ခဲ့သည်။ အေပီသတင်းဌာနမှ ပူလစ်ဇာဆုရ သတင်းစာဆရာမ အက်စတာထူးဆန်းမှာ ဒေါ်အောင်ဆန်းစုကြည်အကြောင်း သတင်းအစီရင်ခံခဲ့သည်ကို မကျေနပ်သည့် အစိုးရထောက်ခံသူများ၏ ကြီးလေးသောခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ရပြီးနောက် နိုင်ငံမှထွက်ခွာခဲ့သည်။

သတင်းစာဆရာအများအပြားနှင့် မီဒီယာထွက်ပေါက်များအတွက် အကျိုးဆက်တစ်ရပ်မှာ မိမိကိုယ်ကိုယ် ဆင်ဆာဖြတ်တောက်မှု ပြုလုပ်ခြင်းဖြစ်၏။ *ဧရာဝတီ* သတင်းထောက် လဂီဝမ်အား သူ၏သတင်းအစီရင်ခံခြင်းကြောင့် မတရားသင်းအက်ဥပဒေအရ အစိုးရမှ ဖမ်းဆီးပြီးနောက် ထိုသတင်းစာမှ ၎င်းအား တပ်မတော်ရှေ့တန်းမှ သတင်းပေးပို့ခြင်း မပြုစေတော့ပေ။ "မည်သည့်သတင်းထောက်ကိုမျှ ရှေ့တန်းသို့ မပို့ပေ။" "ထို့ကြောင့် ကျွန်တော်တို့အနေဖြင့် မြေပြင်ပေါ်တွင် ဖြစ်နေသည့်အရာများကို မသိတော့ပေ။" ဟုသူကပြော၏။

ငြိမ်းချမ်းစွာပြောဆိုမှုအတွက် အရေးယူခံနေရသည်မှာ သတင်းစာသမားများသာ မဟုတ်ပေ။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) အရ ဖမ်းဆီးထိန်းသိမ်းမှုများနှင့် အရေးယူမှုများမှာ မြင့်တက်လာခဲ့၏။ တပ်မတော်ကို ဝေဖန်သည့်အတွက်၊ သရော်သည့် စစ်ဆန့်ကျင်ရေး ပြဇာတ်တစ်ပုဒ်ကို တိုက်ရိုက် ထုတ်လွှင့်မှုနှင့် အခြား ပုဂ္ဂလိက နိုင်ငံသားများက စော်ကားသည်ဟု ယူဆခဲ့သည့် လူမှုမီဒီယာများတွင် တင်သည့်အချက်များအတွက် အာဏာပိုင်များက လူပုဂ္ဂိုလ်များကို အရေးယူခဲ့၏။ သဉ္ဇာရွှန်းလဲ့ရည်က "မိတ်ဆွေများအကြား၌ '၆၆(ဃ) စောင့်နေသည်'ဟု ပြောပါက" "မိမိကိုယ်ကိုယ် တည်းဖြတ်စေသည်။ လူငယ်အသိုင်းအဝိုင်းတွင် ကြောက်ရွံ့မှုပေါ်ပေါက်စေသည်။ ကျွန်မတို့ ကြောက်ရွံ့မှုဖြင့် အသက်ရှင်နေဆဲဖြစ်သည်။" ဟုပြော၏။

ကျွန်ုပ်တို့၏ ၂၀၁၆ ခုနှစ်အစီရင်ခံစာတွင် ဖော်ပြခဲ့သည့် အခြားညှဉ်းပန်းနှိပ်စက်သည့် ဥပဒေများအရလည်း အစိုးရမှ ဆက်လက်၍အရေးယူခဲ့၏။ ၎င်းတို့အထဲတွင် ပြစ်မှုဆိုင်ရာ အသရေဖျက်မှုနှင့် "အများပြည်သူအကြား ကြောက်ရွံ့ထိတ်လန့်မှုကို ပေါ်ပေါက်စေနိုင်သည့်" ပြောဆိုမှုကို ပြစ်မှုမြောက်စေသော ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) တို့လည်း ပါဝင်သည်။ ကလေးစစ်သားဟောင်းတစ်ဦး သူ၏အတွေ့အကြုံများအကြောင်း ပြောသည့်အတွက်၊ ဂီတအဖွဲ့တစ်ဖွဲ့အား ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲရေးသီချင်းတစ်ပုဒ်အတွက်နှင့် တပ်မတော်မှ လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်ခဲ့ကြောင်း စွပ်စွဲသည့် တက်ကြွလှုပ်ရှားသူတစ်ဦးတို့အား အရေးယူရန် အဏာပိုင်များမှ ပုဒ်မ ၅၀၅(ခ) ကို အသုံးပြုခဲ့၏။ ဟောပြောခြင်းကို အရေးယူရန် အသစ်ပြဋ္ဌာန်းခဲ့သော ပုဂ္ဂိုလ်ရေးဆိုင်ရာ အကာအကွယ်ပေးရေးနှင့် နိုင်ငံသားများ၏ လုံခြုံရေးဥပဒေကိုလည်း အသုံးပြုခဲ့၏။

ငြိမ်းချမ်းစွာစုရုံးမှုအတွက် စီစဉ်သူများ သို့မဟုတ် ပါဝင်သူများသည် အရေးယူခံရဆဲဖြစ်၍ တပ်မတော်ကို ဆန့်ကျင်ဆန္ဒပြသူများသည် အများဆုံးအဖမ်းခံရလေ့ရှိကြသည်။ ၂၀၁၈ ခုနှစ် မေလတွင် ကချင်ပြည်နယ် လက်နက်ကိုင် ပဋိပက္ခအပေါ် ဆက်တိုက်ဆန့်ကျင်ဆန္ဒပြသူ အနည်းဆုံး ၄၅ ဦးကို ရဲမှဖမ်းဆီးခဲ့ကာ အများစုမှာ ငြိမ်းချမ်းစွာ စုရုံးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဥပဒေအရ တရားစွဲဆိုမှုများနှင့် ရင်ဆိုင်နေရသည်။

မြန်မာအစိုးရအနေဖြင့် ငြိမ်းချမ်းစွာပြောဆိုခြင်းနှင့် စုရုံးခြင်းကို ဆန့်ကျင်၍ ပြစ်မှုဆိုင်ရာဥပဒေများကို အသုံးပြုခြင်းအား ရပ်တန့်ရန်နှင့် ၎င်း၏ဥပဒေများ၊ မူဝါဒများနှင့် အလေ့အထများကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုရုံးခွင့်ကို အကာအကွယ်ပေးသည့် အဆင့်အတန်းများနှင့် အညီ ဖြစ်စေရန် လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့မှ ထပ်လောင်းပြောဆိုပါသည်။ ခင်မင်ရင်းနှီးသည့်အစိုးရများက နှစ်ကိုယ်ကြားဖြစ်စေ၊

လူသိရှင်ကြားဖြစ်စေ ဤအရေးကြီးသည့်ကိစ္စရပ်များအတွက် ၎င်းတို့၏စိုးရိမ်မှုများကို အရှိန်အဟုန်ဖြင့် ဖင်ရောက် ပြောဆိုသင့်သည်။

# အကြံပြုချက်များ

လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ ၂၀၁၆ ခုနှစ် ဇွန်လတွင် *"သင့်ကို ၎င်းတို့ အချိန်မရွေး ဖမ်းဆီးနိုင်သည်"၊ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာ ထုတ်ဖော်ပြောဆိုမှုအပေါ် ရာဇဝတ်မှုပြုခြင်း* ကို ပုံနှိပ်ထုတ်ဝေသည့်အချိန်ကတည်းက NLD ဦးဆောင်သည့်အစိုးရသည် ၎င်းအစီရင်ခံစာတွင် ဖော်ပြထားသည့် လွန်စွာကျယ်ပြန့်၍ မရေရာကာ၊ ညှဉ်းပန်းနှိပ်စက်သည့် ဥပဒေများစွာကို ငြိမ်းချမ်းစွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ဖိနှိပ်ရေးအတွက် တက်ကြွစွာအသုံးပြုခဲ့၏။

မြန်မာအစိုးရသည် ၎င်း၏ဥပဒေများ၊ မူဝါဒများနှင့်အလေ့အထများကို နိုင်ငံတကာဥပဒေ၊ အဆင့်အတန်းများနှင့် ကိုက်ညီရန် အရေးတကြီးဆောင်ရွက်သင့်သည်။ အောက်ပါအကြံပြုချက်များတွင် ယခင်က *"သင့်ကို ၎င်းတို့ အချိန်မရွေး ဖမ်းဆီးနိုင်သည်"* တွင် ပြုလုပ်ခဲ့သည့်အကြံပြုချက်များစွာအပြင် စာနယ်ဇင်းကောင်စီနှင့် သတင်းမီဒီယာဥပဒေတို့နှင့်ပတ်သက်သည့် အကြံပြုချက်သစ်များလည်း ပါဝင်သည်။

## မြန်မာအစိုးရသို့

- မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာသင်းဖွဲ့ခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့်တို့အတွက် နိုင်ငံတကာ လူ့အခွင့်အရေးအဆင့်အတန်းများနှင့်ကိုက်ညီစေရေးအတွက် ပြင်ဆင်ရန်၊
- အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရပိုင်ခွင့်များနှင့် နိုင်ငံရေးရပိုင်ခွင့်များ ပဋိညာဉ်စာချုပ်နှင့် အခြားအချက်အချာကျသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များကို လက်မှတ်ရေးထိုး အတည်ပြုရန်၊
- အောက်တွင်ဖော်ပြထားသည့် ဥပဒေများကို ရုပ်သိမ်းရန် သို့မဟုတ် ပြင်ဆင်ရန် ရှင်းလင်းသည့် အစီအစဉ်နှင့် အချိန်ဇယားတစ်ရပ် ချမှတ်ရန်၊ ဥပဒေ ပြင်ဆင်ရမည့်နေရာများတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းအုပ်စုများတို့နှင့် အပြည့်အဝနှင့် ပွင့်လင်းမြင်သာစွာ တိုင်ပင်ဆွေးနွေး၍ အများပြည်သူသုံးသပ်ရေးနှင့် တိုင်ပင်ဆွေးနွေးရေးအတွက် အချိန်များစွာပေးရန်၊
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဆင့်အတန်းများနှင့်ပတ်သက်၍ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးထံမှ နည်းပညာအထောက်အကူရယူ၍ အဆိုပြုထားသည့် ဥပဒေရေးရာ ပြန်လည်ပြင်ဆင်မှုများသည် ၎င်းအဆင့်အတန်းများနှင့် ကိုက်ညီကြောင်း သေချာအောင်ပြုလုပ်ခြင်း။

## ဥပဒေရေးဆွဲရေးဌာန

- အသစ်ရေးဆွဲထားသောဥပဒေ၏အရည်အသွေးနှင့် ရှင်းလင်းမှုရှိကြောင်း သေချာစေရေးအတွက်ဗဟိုမှ ချုပ်ကိုင်ထားသည့် နည်းပညာဆိုင်ရာ ဥပဒေပြုမှုကြမ်းရေးဆွဲရေးဌာနတစ်ခု ဖန်တီးရန်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP) မှ အကြံပြုခဲ့သည့်အတိုင်း ၎င်းဌာနသည် သမ္မတရုံးနှင့် တွဲလျက်ရှိရန်၊ သို့မဟုတ် လက်ရှိဥပဒေများကို ပြင်ဆင်ချက်များ အပါအဝင် ဥပဒေမူကြမ်းအားလုံး ရေးဆွဲရာတွင်တာဝန်ရှိသည့် ရှေ့နေချုပ်ရုံးအတွင်း ရှိရန်။
- ဥပဒေမူကြမ်းရေးဆွဲရေးဌာနတွင် ဥပဒေသည် ရှင်းလင်းသည့် စကားလုံးများ ရွေးချယ်သုံးနှုန်းထား၍ ကျဉ်းမြောင်းစွာ ရေးဆွဲထားကာ၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေတို့ကို လိုက်နာကြောင်း သေချာရေးအတွက် ကျွမ်းကျင်၍ အတွေ့အကြုံ ရှိသော ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များဖြင့် အဓိကအဖွဲ့တစ်ဖွဲ့ကို ခန့်အပ်ထားရန်။
- ဥပဒေမူကြမ်းရေးဆွဲရေးဌာနကို ဝန်ကြီးဌာနများနှင့် လွှတ်တော်ကိုယ်စားလှယ်များထံမှ ညွှန်ကြားချက်များနှင့် ဥပဒေပြုပြင်ပြောင်းလဲရေးကော်မရှင်တစ်ရပ်မှ လွှဲပြောင်းပေးချက်များကို လက်ခံရရှိခွင့်ပြုရန်။

- တိုင်ပင်ဆွေးနွေးရေးနှင့် ပြန်လည်သုံးသပ်ရေးအတွက် တရားဝင်ဥပဒေမူကြမ်းများကို ထုတ်ပြန်ရန်နှင့် ဥပဒေအားလုံးကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများတို့နှင့် လူသိရှင်ကြား ပွင့်လင်းမြင်သာစွာ တိုင်ပင်ဆွေးနွေးရန်၊ ၎င်းအုပ်စုများကို သုံးသပ်၍ အချက်အလက်များ ဖြည့်သွင်းပေးနိုင်ရေးအတွက် အချိန်အလုံအလောက်ပေးရန် ဥပဒေမူကြမ်းရေးဆွဲရေးဌာနအား ညွှန်ကြားရန်။

## ငြိမ်းချမ်းစွာစုရုံးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဥပဒေ (၂၀၁၆)

- ကြိုတင်အသိပေးချက်မပေးခဲ့သော်လည်း ငြိမ်းချမ်းစွာစုရုံးခြင်းများကို ပံ့ပိုးပေးရမည့် အစိုးရ၏တာဝန်ကို အထူးသဖြင့် အသိအမှတ်ပြုလျက် ၂၀၁၆ ခုနှစ် ငြိမ်းချမ်းစွာစုရုံးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဥပဒေကို ပြင်ဆင်ရန်။
- စုရုံးမှုများကို နှောင့်ယှက်ရန်ကြိုးပမ်းသူများနှင့် ဆန္ဒပြသူများကို ဆန့်ကျင်ဆန္ဒပြသူများမှ ကာကွယ်ရန် တာဝန်တစ်ရပ် ရဲတို့တွင်ရှိကြောင်း ရှင်းလင်းစေရေးအတွက် ဥပဒေကို ပြင်ဆင်ရန်။
- ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာ လမ်းညွှန်ချက်များတွင် အကြံပြုထားသည့်အတိုင်း ဆန္ဒပြပွဲ တစ်ရပ်အတွက် လူ ၅၀ ကျော် သို့မဟုတ် စီတန်းလှည့်လည်မှုတစ်ရပ်အတွက် လူ ၁၀ ဦးကျော် ပါဝင်မှုကဲ့သို့ စုရုံးမှုတစ်ရပ်တွင် ပံ့ပိုးပေးရန်လိုအပ်သော လူဦးရေအလုံအလောက်ပါဝင်မှသာ အသိပေးချက်လိုအပ်ကြောင်း ပုဒ်မ ၄ ကို ပြင်ဆင်ရန်။ အသိပေးချက်လိုအပ်မှုမှာ အာဏာပိုင်များ အနေဖြင့် စုရုံးမှုကို ပံ့ပိုးပေးရေးအဆင့်များ ဆောင်ရွက်ရန်သာဖြစ်၍ လက်တွေ့သဘောအရ ခွင့်ပြုချက်တောင်းခံမှု မဖြစ်စေရပါ။
- စီစဉ်သူများမှ စုရုံးမှုအကြောင်းအရာနှင့် ရည်ရွယ်ချက်၊ အသုံးပြုမည့် ဆောင်ပုဒ်များနှင့် ဟောပြောသူများ၏ ကိုယ်ရေးကိုယ်တာ အသေးစိတ်အချက်အလက်များ အတိအကျပြောရန် သတ်မှတ်ချက်ကို ပယ်ဖျက်ရေးအတွက် ပုဒ်မ ၄ ကို ပြင်ဆင်ရန်။ အာဏာပိုင်များမှ စုရုံးမှုကို ပံ့ပိုးပေးရေးနှင့် ပြည်သူများ စနစ်တကျရှိခြင်း၊ ပြည်သူများ ဘေးကင်းလုံခြုံရေးနှင့် အခြားသူများ၏ အခွင့်အရေးများကို ကာကွယ်ရေးအတွက် ပံ့ပိုးပေးရေးအတွက်သာ အသိပေးချက် လိုအပ်မှုများကို အချိန်၊ ရက်စွဲနှင့် တည်နေရာ၊ ပါဝင်ရန်မျှော်လင့်ထားသည့်ဦးရေနှင့် စီစဉ်သူအား ဆက်သွယ်ရန်အချက်အလက် စသည်ဖြင့်သာ ကန့်သတ်ထားရန်။
- နိုင်ငံသားမဟုတ်သူများ ငြိမ်းချမ်းစွာစုရုံးနိုင်ခွင့်များအပေါ် ကန့်သတ်ချက်များကို ဖယ်ထုတ်ရေးအတွက် အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ ပုဒ်မ ၄ ကို ပြုပြင်ရန်။
- သတ်မှတ်ထားသော အသေးစိတ်အချက်အလက်များကို တင်သွင်းပြီးသည်နှင့်တစ်ပြိုင်နက်၊ အသိပေးချက် ပြီးပြည့်စုံရန် သို့မဟုတ် စုရုံးမှု ဆက်လက်ဆောင်ရွက်ရန် အာဏာပိုင်များထံမှ တုံ့ပြန်ချက် တစ်စုံတစ်ရာ လိုအပ်ခြင်းမရှိကြောင်း အတိအကျ ထောက်ပံ့ပေးရေးအတွက် ပုဒ်မ ၅ ကို ပြင်ဆင်ရန်။
- စုရုံးမှုသည် ကောက်ကာငင်ကာ ဖြစ်ပေါ်သည့်သဘောသဘာဝရှိသဖြင့် အသိပေးရန်မဖြစ်နိုင်ပါက အသိပေးရန်သတ်မှတ်ချက်များအပေါ် ခြွင်းချက်တစ်ရပ် အတိအလင်းထောက်ပံ့ပေးရန်။
- အသိပေးချက်တွင် အတိအကျဖော်ပြထားခြင်းမရှိသည့် ဆိုင်းဘုတ်များ သို့မဟုတ် ပိုစတာများကို ပြသခြင်းအပေါ် ကန့်သတ်ချက်ကို ဖယ်ထုတ်ရေးအတွက် ပုဒ်မ ၁၀(ဆ) ကို ရုပ်သိမ်းရန်။
- အသိပေးချက်တွင်မပါဝင်သည့် ဆောင်ပုဒ်များကို ထုတ်ဖော်ပြောဆိုမှုအပေါ် ကန့်သတ်ချက်ကို ဖယ်ထုတ်ရေးအတွက် ပုဒ်မ ၁၀(ဇ) ကို ရုပ်သိမ်းရန်။
- ငြိမ်းချမ်းစွာ စုရုံးမှုများတွင် ပါဝင်သူများသည် ဒေသန္တရအာဏာပိုင်များမှ ထိုစုရုံးမှုများအပေါ် ချမှတ်ထားသော ထပ်မံကန့်သတ်ချက်များကို လိုက်နာရမည်ဟူသည့် သတ်မှတ်ချက်ကို ဖယ်ထုတ်ရေးအတွက် ပုဒ်မ ၁၀(ဠ) ကို ရုပ်သိမ်းရန်နှင့် ထိုကဲ့သို့သော ထပ်မံကန့်သတ်ချက်များကို ဖယ်ရှားရန် ဒေသန္တရအာဏာပိုင်များကို (စာဖြင့်ရေးသား) ညွှန်ကြားရန်။
- ပုဒ်မ ၁၀(က)၊ ၁၀(င) နှင့် ၁၀(စ) တို့တွင် ပါဝင်သည့် ငြိမ်းချမ်းစွာစုရုံးချိန်များတွင် ဟောပြောချက်များအပေါ် ကျယ်ပြန့်လွန်း၍ ဝေဝါးသောကန့်သတ်ချက်များကို ရုပ်သိမ်းရန်။

စုရုံးမှုများတွင် ဟောပြောချက်များအပေါ် ကန့်သတ်ရာ၌ ထွက်ပေါ်လာအံ့ဆဲနှင့် ထွက်ပေါ်လာနိုင်သည့် အကြမ်းဖက်မှု လှုံ့ဆော်ရန်၊ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ရှင်းလင်းစွာ သတ်မှတ်ထားသည့် လူအုပ်စုအပေါ် ခွဲခြားဆက်ဆံရန် ရည်ရွယ်သည့် ဟောပြောမှုကို ကာကွယ်ရန် အခြားနည်းလမ်းများ သင့်တော်စွာ ရရှိနိုင်ခြင်း မရှိသည့်အခါမှသာ ကန့်သတ်ရန်။

- ပဋိပက္ခတစ်ရပ်ပြင်းထန်မှုကို လျော့နည်းစေရန် ညှိနှိုင်းပြောဆိုခြင်းကို အသုံးပြုရမည့်တာဝန် ရဲများတွင် ရှိကြောင်းနှင့် စုရုံးမှုတစ်ရပ်ကို ဖြိုခွဲခြင်းကို မတတ်သာသည့်အခါမှသာ ဆောင်ရွက်သည့် နည်းလမ်း တစ်ရပ်အဖြစ် အမိန့်ပေးရေးနှင့် အကြမ်းဖက်မှုဖြစ်အံ့ဆဲဆဲအန္တရာယ်ရှိသည့်အခါမှသာ အမိန့်ပေးရေးကို ရှင်းလင်းစေရန်အတွက် ပုဒ်မ ၁၂ မှ ၁၆ အထိ ပြင်ဆင်ရန်။
- အသိပေးရန်ပျက်ကွက်မှုကြောင့်သာ ငြိမ်းချမ်းစွာစုရုံးမှုကို ဖြိုခွဲနိုင်ခြင်းကို ဟန့်တားရေးအတွက် ပုဒ်မ ၁၇ ကို ရုပ်သိမ်းရန်။
- အသိပေးချက် မပြုလုပ်သည့် စုရုံးမှုတစ်ရပ်ကို စီစဉ်ခြင်း သို့မဟုတ် ၎င်းတွင် ပါဝင်ခြင်း အတွက် ပြစ်မှုဆိုင်ရာ တာဝန်ရှိခြင်းကို ဖယ်ရှားလျက် ပုဒ်မ ၁၉ ကို ရုပ်သိမ်းရန်။
- (က) အသိပေးချက်တွင် အတိအကျဖော်ပြထားသည့် တည်နေရာမှလွဲ၍ အခြားတည်နေရာ တစ်ခုတွင် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်း၊ (ခ) စီတန်းလှည့်လည်ခြင်းလမ်းကြောင်းကို အတိအကျ ဖော်ပြထားသည့် လမ်းကြောင်းမှ သွေဖည်ခြင်း၊ သို့မဟုတ် (ဂ) ပုဒ်မ ၁ဂ အရ စုရုံးမှုများအပေါ် ကန့်သတ်ချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းအတွက် အပြစ်ဒဏ်ချမှတ်ခြင်းများကို ဖယ်ရှားရေးအတွက် ပုဒ်မ ၂ဂ ကို ရုပ်သိမ်းရန်။

## ရာဇသတ်ကြီးပုဒ်မ ၄၉၉-၅ဂ၂ နှင့် ၁၃ဂခ - ပြစ်မှုဆိုင်ရာ အသရေဖျက်မှု

- ပြစ်မှုဆိုင်ရာအသရေဖျက်မှုပြစ်မှုကို ဖယ်ထုတ်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၄၉၉ မှ ၅ဂ၂ အထိနှင့် ပုဒ်မ ၁၃ဂခ တို့ကို ပြန်လည်ရုပ်သိမ်းရန်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ အကြံပြုခဲ့သည့်အတိုင်း လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို အားပေးရေးနှင့် ကာကွယ်ရေးအတွက် အသရေဖျက်မှုသည် တရားမမှုသာ လုံးလုံးဖြစ်သင့်သည်။
  - တရားခံသည် သတင်းအချက်အလက်မှားယွင်းသည်ကို သိရှိကြောင်း နိုင်ငံကျော်ပုဂ္ဂိုလ်များမှ သက်သေပြရမည်ဖြစ်သည်။
  - ဆုကြေးများသည် အမှန်တကယ်ပေါ်ပေါက်စေခဲ့သည့် ထိခိုက်မှုနှင့် လုံးဝ အချိုးကျစေရမည် ဖြစ်ပြီး၊ ဥပဒေမှ ဥပမာ တောင်းပန်ချက်၊ ပြုပြင်ချက်နှင့် ရှင်းလင်းချက်တို့ အပါအဝင် ငွေကြေးမဟုတ်သည့် ကုစားမှုများကို ဦးစားပေးရမည်။

## ဆက်သွယ်ရေးဥပဒေ (၂ဂ၁၃)

- အခြားဥပဒေများနှင့် ထပ်နေခြင်းများကို ဖယ်ထုတ်ရေးနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအပေါ် မလျော်ကန်သော ကန့်သတ်ချက်များကို ဖယ်ရှားရေးအတွက် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ကို သိသာထင်ရှားစွာ ကျဉ်းပစ်ရန်။
  - အခြားသူတစ်ဦးအား "အသရေဖျက်ခြင်း" နှင့် "နှောင့်ယှက်ခြင်း" တို့အပေါ် ရည်ညွှန်းချက်များကို ပယ်ဖျက်သင့်သည်။
  - "ငွေညှစ်ခြင်း" သို့မဟုတ် "ခြိမ်းခြောက်ခြင်း" မြောက်သည့် ဟောပြောချက်အပေါ် ရည်ညွှန်းချက်များသည် ရာဇသတ်ကြီးဥပဒေတွင် အခြားနည်းဖြင့် အပြစ်ဒဏ်ပေးနှင့်ပြီး မဟုတ်ပါက၊ ဆက်သွယ်ရေးအသုံးပြုသူများမှ မည်သည့်ဆက်သွယ်ရေးများသည် ဥပဒေ ဘောင်အတွင်းရှိသည်ကို ဆုံးဖြတ်နိုင်ကြောင်း သေချာရေးအတွက် ၎င်းအခေါ်အဝေါ်များကို ရှင်းလင်းစွာ အဓိပ္ပာယ်သတ်မှတ်သင့်သည်။
  - ရာဇသတ်ကြီးဥပဒေအရ တားမြစ်ပြီးနှင့်သော ဆောင်ရွက်မှုများရှိသည့်အခါ ဆက်သွယ်ရေး ဥပဒေတွင် ထပ်နေသည့်စကားများကို ဖယ်ထုတ်ရန်။

- "မှားယွင်းသည့် သတင်းအချက်အလက်များ" ကို ဖြန့်ဝေခြင်း သို့မဟုတ် လက်ခံရယူခြင်း အတွက် ပြစ်မှုဆိုင်ရာပြစ်ဒဏ်များကို ဖယ်ထုတ်ရန် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၈(က) ကို ရုပ်သိမ်းရန်။

## သတင်းစာနယ်ဇင်းဥပဒေ

- အပိုင်း ၂ တွင်ရှိသည့် "စာနယ်ဇင်းအလုပ်သမား" အပေါ် အဓိပ္ပာယ်သတ်မှတ်ချက်ကို ကျဉ်းပစ်ရန်နှင့် ဤဥပဒေအရ မည်သူတို့နှင့်ပတ်သက်သည်ကို ရှင်းလင်းရန်။
- ဤဥပဒေ၏ရည်ရွယ်ချက်တစ်ရပ်အနေဖြင့် နိုင်ငံတကာအဆင့်အတန်းများနှင့်အညီ စာနယ်ဇင်း လွတ်လပ်ခွင့်ကို အားပေး၍ ကာကွယ်ခြင်းကို အတိအလင်း ထည့်သွင်းရေးအတွက် အပိုင်း ၃ ကို ပြင်ဆင်ရန်။
- ပဋိပက္ခဒေသများသို့ ခရီးသွားရန် သတင်းစာသမားများ၏ ကြိုးပမ်းချက်များကို ပံ့ပိုးပေးရေးအတွက် ၎င်းဒေသများတွင်လုံခြုံရေးထောက်ပံ့ပေးနေသူများ၌ တာဝန်တစ်ရပ် ရှိကြောင်း ရှင်းလင်းစေရန် အပိုင်း ၇ ကို ပြင်ဆင်ရန်။
- စာနယ်ဇင်းမှ ၎င်းတို့၏ကိုယ်ပိုင်ဆန္ဒအလျောက် ကိုယ်ကျင့်တရားစည်းကမ်းများကို သီးခြား ချမှတ်နိုင်ရန် အပိုင်း ၉ တွင် ချမှတ်ထားသည့် "ကျင့်ဝတ်စည်းကမ်း" နှင့် အပိုင်း ၂၅ နှင့် ၂၆ တွင် ရှိသည့် ကျင့်ဝတ် စည်းကမ်းဖောက်ဖျက်မှုအတွက် အပြစ်ဒဏ်များကို ရုပ်သိမ်းရန်။
- စာနယ်ဇင်းကောင်စီသည် အစိုးရမှ သီးခြားရပ်တည်ကြောင်း သေချာရေးအတွက်၊ စာနယ်ဇင်းကောင်စီ အဖွဲ့ဝင်များကို အဆိုပြုရန် သမ္မတနှင့် လွှတ်တော်နှစ်ရပ်နာယကများ၏ အာဏာကို ဖယ်ထုတ်ရေးနှင့် စာနယ်ဇင်းကောင်စီအဖွဲ့ဝင်များကို ရာထူးမှဖြုတ်ချရန် သမ္မတ၏အာဏာကို ဖယ်ထုတ်ရေးအတွက် အပိုင်း ၁၃ နှင့် ၁၆ တို့ကို ပြင်ဆင်ရန်။ စာနယ်ဇင်းကောင်စီအဖွဲ့ဝင်အားလုံးကို စာနယ်ဇင်း အဖွဲ့ဝင်များမှ ရွေးချယ်သင့်ပါသည်။
- စာနယ်ဇင်း သတင်းအစီရင်ခံချက်ကြောင့် ထိခိုက်နစ်နာသူများအား စာနယ်ဇင်းကောင်စီ၏ ထောက်ပံ့မှုကိုရယူရန် အားပေးရေးနှင့် အမှားပြင်မှုများနှင့် ပြန်လည်တုန့်ပြန်ခွင့် ကဲ့သို့ အခြားသောကုစားမှုများကို အတိအကျဖော်ပြရေးအတွက် ဤဥပဒေ၏ အခန်း ၈ ကို ပြင်ဆင်ရန်။

## အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေ

- ရှင်းလင်းစွာ အဓိပ္ပာယ်သတ်မှတ်ထားသော စာရွက်စာတန်းအမျိုးအစားများကို ထုတ်ပြောခြင်းများကိုသာ ပြစ်မှုသက်ရောက်စေရေး၊ ထိုသို့ ထုတ်ပြောမှုသည် နိုင်ငံတော်လုံခြုံရေးအပေါ် ကြီးလေးသည့်ထိခိုက်မှုဖြစ်စေနိုင်သည့် ဖော်ထုတ်နိုင်သော အန္တရာယ်အလားအလာ အစစ်အမှန် ရှိကြောင်းကို အစိုးရက သက်သေပြရေးအတွက် သတ်မှတ်ထားရန်နှင့် ပြည်သူ့အကျိုးစီးပွားကို ခုခံကာကွယ်ခွင့်ပြုရေးအတွက် ပုဒ်မ ၅(၁) ကို ပြင်ဆင်ရန်။
- အစိုးရအမှုထမ်း မဟုတ်သူများမှ အချက်အလက်များ လက်ခံရယူခြင်း သို့မဟုတ် ထုတ်ပြောခြင်းအတွက် ပြစ်မှုဆိုင်ရာအပြစ်ဒဏ်များကို ဖယ်ထုတ်ရေးအတွက် ပုဒ်မ ၅(၂) ကို ရုပ်သိမ်းရန်။
- နိုင်ငံတော်လုံခြုံရေးအပေါ် စစ်မှန်သည့် အန္တရာယ်ကျရောက်နိုင်သည်ဟု အစိုးရမှ သတ်မှတ်နိုင်သော အပြုအမူကိုသာ ပြစ်ဒဏ်ပေးရေးအတွက် ပုဒ်မ ၃ ကို ပြင်ဆင်ရန်။
- တရားခံ၏ပြုလုပ်မှု၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ လုံခြုံရေး သို့မဟုတ် အကျိုးကို ထိခိုက်စေလိုကြောင်း ပြရန် အခြေခံအချက်အဖြစ် "၎င်း၏အကျင့်စာရိတ္တ" ကို အသုံးပြုခြင်းကို ဖယ်ထုတ်ရေးအတွက် ပုဒ်မ ၃(၂) ကို ပြင်ဆင်ရန်။

## သတင်းအချက်အလက် ရပိုင်ခွင့်ဥပဒေ

- အစိုးရသတင်းအချက်အလက်သည် ထုတ်ပြောရန်ဖြစ်သည်ဟု မှတ်ယူသည့် ပြည်ထောင်စုအဆင့် သတင်းအချက်အလက် ရပိုင်ခွင့်ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်။

- သတင်းအချက်အလက် ရပိုင်ခွင့်ကို ကျယ်ပြန့်စွာ အနက်ကောက်ယူ၍ ကျင့်သုံးရမည်ဖြစ်ကာ၊ ထုတ်ပြောမှုအပေါ် ကန့်သတ်ချက်တစ်ရပ်ရပ်မှာ တရားဝင်ကြောင်းကို သက်သေပြရန်မှာ သတင်းအချက်အလက်ကို ထိန်းချုပ်ရန် ကြိုးပမ်းသော ပြည်သူ့အာဏာပိုင်၏ တာဝန်ဖြစ်သည်။
- သတင်းအချက်အလက် ရပိုင်ခွင့်အပေါ် ကန့်သတ်သည့်အခါ ၎င်းကန့်သတ်ချက်သည် ဥပဒေအရ ပြဋ္ဌာန်းထားကြောင်းနှင့် တရားဝင် နိုင်ငံတော်လုံခြုံရေးအကျိုးကို ကာကွယ်ရန်လိုအပ်ကြောင်း အစိုးရမှ သက်သေပြနိုင်ခြင်းမရှိပါက နိုင်ငံတော်လုံခြုံရေးကို အခြေခံ၍ ဤဥပဒေမှ သတင်းအချက်အလက် ရပိုင်ခွင့်အပေါ် ကန့်သတ်ခြင်း မပြုသင့်ပေ။ လူသိရှင်ကြား ထုတ်ပြန်ပါက နိုင်ငံတော်လုံခြုံရေးကို အခြေခံအားဖြင့် ထိခိုက်မည့် တိကျ၍ကျဉ်းမြောင်းသော အချက်အလက်အတန်းစားများကို သတ်မှတ်သင့်သည်။
- အချက်အလက်များတောင်းဆိုမှုတစ်ရပ်ကို အစိုးရမှငြင်းဆိုသည့်အခါ အကြောင်းရင်းကို စာဖြင့် ရေးသား၍ အတိအကျဖော်ပြကာ သင့်လျော်သည့်အတိုင်း တတ်နိုင်သမျှ အမြန်ဆုံး ပေးသင့်သည်။ သီးခြားရပ်တည်သောအာဏာပိုင်တစ်ရပ်အား ဤငြင်းဆိုမှုကို ပြန်လည်သုံးသပ်ခွင့်တစ်ရပ် ပေးသင့်သည်။
- တရားရုံးများနှင့် ခုံရုံးများအပါအဝင် ကြီးကြပ်ရေး၊ မကျေနပ်မှုစစ်ဆေးရေးနှင့် အယူခံ အဖွဲ့များအားလုံးသည် ၎င်းတို့၏တာဝန်များကို ထမ်းဆောင်နိုင်ခြင်းနှင့်သက်ဆိုင်သည့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များအားလုံးကို လျှို့ဝှက်မှုအဆင့်ကို အလေးမထားဘဲ ရယူနိုင်သင့်သည်။

## ရှေ့နေချုပ်ရုံးသို့

- မိမိတို့၏ ငြိမ်းချမ်းစွာစုရုံးခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အသုံးပြုသည့်အတွက် အရေးယူ ခံနေရသူများအပေါ် လုပ်ကိုင်နေဆဲ စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုအားလုံး ရုပ်သိမ်းရန်။
- ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့သော ရုံးဌာနအတွက်မဟာဗျူဟာကျသည့် အစီအစဉ်တွင် ချမှတ်ထားသည့်အတိုင်း အောက်ပါတို့အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေး အဆင့်အတန်းများနှင့် အညီ မြန်မာနိုင်ငံတွင် ဥပဒေစိုးမိုးမှုကို အားကောင်းလာစေရေးအတွက် ဆောင်ရွက်ရန်-
    - နိုင်ငံတကာ အဆင့်အတန်းများအပေါ် အခြေခံ၍ ဥပဒေအရာရှိများအား လိုက်နာစေနိုင်သော ကိုယ်ကျင့်တရားစည်းကမ်းနှင့် တာဝန်ယူမှုတစ်ရပ် ချမှတ်ရန်။
    - အစိုးရရှေ့နေများ၏အခန်းကဏ္ဍအပေါ် ကုလသမဂ္ဂလမ်းညွှန်ချက်များတွင် ချမှတ်ထားသည့် အခြေခံသဘောတရားများနှင့်အညီ သမာသမတ်ကျ၍ လုပ်ငန်းသဘောအရ လွတ်လပ်စွာ လုပ်ကိုင်နိုင်ခြင်းဖြင့် ပြစ်မှုများကို စုံစမ်း၍အရေးယူရန် လုပ်ပိုင်ခွင့်အာဏာ ဥပဒေအရာရှိအားလုံးတွင် ရှိကြောင်း သေချာစေရန်။

## ့မြန်မာရဲတပ်ဖွဲ့နှင့် ပြည်တွင်းရေးဝန်ကြီးဌာနသို့

- ငြိမ်းချမ်းစွာစုရုံးမှုများကို နှောင့်ယှက်မှုမပြုဘဲ ပံ့ပိုးပေးရန်နှင့် ပါဝင်သူအားလုံး၏ ဘေးကင်းမှုကို သင့်တော်စွာ ကာကွယ်ပေးရေးအတွက် ရဲဌာနအားလုံးကို ညွှန်ကြားရန်။ စုရုံးမှုများ သို့မဟုတ် လူထုစည်းဝေးပွဲများကို စီစဉ်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့များအား ၎င်းတို့၏ပွဲများကို ၎င်းတို့ရည်ရွယ်ထားသည့် ပရိသတ်များ မြင်နိုင်၊ ကြားနိုင်သည့်နေရာများအတွင်း ကျင်းပခြင်းမှ တားမြစ်ခြင်း မပြုရန်။
- ငြိမ်းချမ်းစွာစုရုံးမှုများတွင် ပါဝင်မှုသည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၄၃၊ ၁၄၅ သို့မဟုတ် ၁၄၇ အရ သို့မဟုတ် ငြိမ်းချမ်းစွာစုရုံးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဥပဒေ ပုဒ်မ ၁၉ အရ တရားစွဲရန် အခြေခံအချက်တစ်ရပ် မည်သည့်အခါမျှမဖြစ်ရေးအတွက် ရဲဌာနအားလုံးကို ညွှန်ကြားရန်။
- အင်အားအသုံးပြုခြင်းကို အားထားခြင်းမရှိဘဲ တတ်နိုင်သည့်အခါတိုင်း စုရုံးမှုများကို မည်သို့စီမံခန့်ခွဲရမည်ကို အလေးထား၍ ရဲသင်တန်းပေးရန်။ ထိုသင်တန်းသည် ဆက်သွယ်ပြောဆိုခြင်း၊ ညှိနှိုင်းခြင်းနှင့်

ပူးပေါင်းလုပ်ဆောင်မှုတို့ကို အခြေခံသည့် တင်းမာမှုလျော့နည်းစေသည့် နည်းပရိယာယ်များကို အလေးထားသင့်သည်။

- တရားဥပဒေနှင့် ညီညွတ်ခြင်း၊ တရားဝင်ဖြစ်ခြင်း၊ လိုအပ်ခြင်းနှင့် အချိုးကျမှု အခြေခံသဘောတရားများ ပါဝင်သည့် အင်အားအသုံးပြုခြင်းအပေါ် နိုင်ငံတကာအဆင့်အတန်းများ သင်တန်းပေးရန်။

## နိုင်ငံခြားရေးဝန်ကြီး ဌာနသို့

- ကုလသမဂ္ဂအထူးလုပ်ထုံးလုပ်နည်းအားလုံးအား အမြဲတမ်းဖိတ်ခေါ်မှုတစ်ရပ်ကမ်းလှမ်းပြီး အထူးကိုယ်စားလှယ်အားလုံး၊ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များနှင့် တစ်သီးပုဂ္ဂလ ကျွမ်းကျင်သူများ၏ လာရောက်ရန် တောင်းဆိုချက်များကို မဆိုင်းမတွ ခွင့်ပြုရန်။
- လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့ကို အားပေးရေး၊ အကာအကွယ်ပေးရေးတို့နှင့် ပတ်သက်သည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့် ငြိမ်းချမ်းစွာစုရုံးခွင့်နှင့် စီတန်းလှည့်လည်ခွင့်များနှင့် ပတ်သက်သည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့အား တရားဝင် ဖိတ်ခေါ်ချက်တစ်ရပ် ချက်ချင်းပြုလုပ်ရန်။
- မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် ရန်ဟီးလီနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်၍ သူမ၏လုပ်ပိုင်ခွင့်များကို လုပ်ကိုင်ရေးအတွက် နိုင်ငံအတွင်းဝင်ရောက်ခွင့်ပြုရန်။
- ၂၀၁၅ ခုနှစ် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ၎င်း၏အပြည်ပြည်ဆိုင်ရာ ရုံဖန်ရုံခါသုံးသပ်မှု အစည်းအဝေး၌ အခြားအခြေခံအခွင့်အရေးများအပြင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုရုံးခွင့်နှင့် ငြိမ်းချမ်းစွာစုရုံးခွင့်တို့ အပေါ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ပြုလုပ်ခဲ့သည့် အကြံပြုချက်များကို အကောင်အထည်ဖော်ရန်။
- အာဆီယံနိုင်ငံအကြား အစိုးရအချင်းချင်း လူ့အခွင့်အရေး ကော်မရှင် (ASEAN Inter-Government Commission on Human Rights (AICHR)) အတွက် မြန်မာနိုင်ငံ၏လာမည့် ကော်မရှင်နာအဖြစ် သမာသမတ်ကျသော တစ်သီးပုဂ္ဂလ လူ့အခွင့်အရေးကျွမ်းကျင်ပညာရှင်တစ်ဦးအား ခန့်အပ်ရန်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းဖွဲ့ခွင့်နှင့် စုရုံးခွင့်ကိစ္စရပ်များကို အရပ်ဘက်လူမှုအသိုင်းအဝိုင်းအုပ်စုများနှင့် ဆွေးနွေးတိုင်ပင်၍ စစ်ဆေးရေးအတွက် AICHR အား မြန်မာနိုင်ငံသို့ လာရောက်ရေး ဖိတ်ခေါ်ရန်။
- ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး(OHCHR) နှင့် (OHCHR) ညှိနှိုင်းမှုများ ပြန်လည်စတင်ရန်နှင့် အကာအကွယ်၊ အားပေးမှုနှင့် နည်းပညာအထောက်အပံ့ရပိုင်ခွင့်အပြည့်အဝဖြင့် OHCHR မှ မြန်မာနိုင်ငံတွင် ရုံးဖွင့်နိုင်စေသည့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို တတ်နိုင်သမျှ အစောဆုံးရက်စွဲတွင် အပြီးသတ်ဆောင်ရွက်ရန်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့

- ပြည်သူ့ရပိုင်ခွင့်၊ နိုင်ငံရေးရပိုင်ခွင့်များနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာပဋိညာဉ်စာချုပ်နှင့် အခြား အချက်အခြာကျသော လူ့အခွင့်အရေးစာချုပ်များကို လက်မှတ်ရေးထိုး အတည်ပြုရေးအတွက် မြန်မာအစိုးရအား အကြံပြုရန်။
- အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ၊ မီဒီယာအဖွဲ့ဝင်များနှင့် သာမန်နိုင်ငံသားတို့အား ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ အသင်းဖွဲ့ခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့်တို့ကို ချိုးဖောက်၍ နှောင့်ယှက်ရန်နှင့် ဖမ်းဆီးရန် ပြစ်မှုဆိုင်ရာဥပဒေများကို အသုံးပြုခြင်းအပေါ် စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်ရန်။
- ဤအစီရင်ခံစာတွင် တင်ပြထားသည့်ကိစ္စရပ်များကို ကိုင်တွယ်ရေးအတွက် ဆောင်ရွက်ရန် အရေးပါသောအဆင့်များနှင့်ပတ်သက်၍ မူဂါဒရေးရာမှတ်တမ်းများနှင့် အကြံဉာဏ်များကို အစိုးရအားပေး၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ အသင်းဖွဲ့ခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့်တို့ကို ကာကွယ်ရေးအတွက် နိုင်ငံတကာအဆင့်အတန်းများကို လိုက်နာခြင်းရှိကြောင်း သေချာအောင်ပြုလုပ်ရေး တိုက်တွန်းရန်။
- မိမိတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ အသင်းဖွဲ့ခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့်တို့ကို ကျင့်သုံးနေသည့်ပုဂ္ဂိုလ်များကို နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကြောင်းမဲ့ဖမ်းဆီး ထိန်းသိမ်းခြင်းတို့ကို ဖေဖန်သည့် လူသိရှင်ကြားထုတ်ပြန်ချက်များကို ချက်ချင်းပြုလုပ်ရန်။

- လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရေးနှင့် အစီရင်ခံရေးအတွက်နှင့် ဤချိုးဖောက်မှုများ ခံခဲ့ရသူများအတွက် တရားမျှတမှုရရှိရေးကြိုးပမ်းရန် လူ့အခွင့်အရေးအဖွဲ့များ၊ ကုန်သွယ်ရေးသမဂ္ဂများ၊ အခြား အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စနစ်တကျ ပူးပေါင်းလုပ်ကိုင်ရန်။

## ကုလသမဂ္ဂ နိုင်ငံအဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတွင်း ညှိနှိုင်းဆောင်ရွက်သူသို့

- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ အသင်းဖွဲ့ခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့်တို့အပေါ် နိုင်ငံတကာ လူ့အခွင့်အရေးအဆင့်အတန်းများကို လိုက်နာရေးအတွက် တိုက်တွန်းရန် မြန်မာနိုင်ငံအစိုးရ၏အဆင့်တိုင်းနှင့် ပူးပေါင်းဆောင်ရွက်၍ အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်။
- အထူးလုပ်ထုံးလုပ်နည်းများဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအား အမြဲတမ်းဖိတ်ခေါ်ချက် တစ်ရပ် ပြုလုပ်၍ အထူးကိုယ်စားလှယ်များ၊ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များနှင့် တစ်သီးပုဂ္ဂလ ကျွမ်းကျင်ပညာရှင်များ၏ လာရောက်ရန်တောင်းဆိုချက်များကို မဆိုင်းမတွ ခွင့်ပြုရေးအတွက် အစိုးရအား တိုက်တွန်းရန်။
- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ အသင်းဖွဲ့ခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့်တို့ကို လေးစားမှု အားပေးရေးအတွက်နှင့် မြန်မာနိုင်ငံ၏ ဥပဒေနှင့် မူဝါဒကို နိုင်ငံတကာအဆင့်အတန်းများနှင့် ကိုက်ညီစေရေးအတွက် လိုအပ်သည့်အတိုင်း နည်းပညာပံ့ပိုးမှုပေးရေးအတွက် လူ့အခွင့်အရေးမဟာမင်းကြီးရုံးမှ အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှုနှင့် လာရောက်မှုများကို အားပေးရန်။
- ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာနှင့် ပြည်တွင်း လူ့အခွင့်အရေး အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုအဖွဲ့တစ်ရပ် ဖွဲ့စည်း၍ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး မြှင့်တင်ရေးအတွက် အစီအစဉ်များကို ပူးပေါင်းရေးဆွဲ အကောင်အထည်ဖော်ရန်နှင့် ထောက်ခံအားပေးရေးအတွက် သုံးလတစ်ကြိမ်ထက် မနည်း တွေ့ဆုံရန်။

## သက်ဆိုင်ရာအစိုးရများသို့

- အထက်ပါအကြံပြုချက်များတွင် အသေးစိတ်ဖော်ပြထားသည့် ပြုပြင်ပြောင်းလဲမှုများ အပါအဝင် ငြိမ်းချမ်းစွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုရုံးခွင့်တို့ကို ကာကွယ်ရေးအတွက် မြန်မာနိုင်ငံအား လူသိရှင်ကြားရော နှစ်ကိုယ်ကြားပါ တိုက်တွန်းရန်။
- မြန်မာနိုင်ငံ၏ နောက်တစ်ကြိမ် အပြည်ပြည်ဆိုင်ရာ ရံဖန်ရံခါ သုံးသပ်ချက် (Universal Periodic Review) ၌ လွတ်လပ်စွာပြောဆိုခွင့်နှင့် လွတ်လပ်စွာစုရုံးခွင့်တို့အတွက် ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် အလေးထားစရာများကို ဆွေးနွေးပြောကြားရန်။
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုရုံးခွင့်များအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ အင်တာနက်နှင့် လူမှုရေးမီဒီယာများ၌ တင်ထားသောအရာများနှင့်သက်ဆိုင်သည့် အမှုများကိုကိုင်တွယ်ရာတွင် နည်းပညာပိုင်းဆိုင်ရာကဏ္ဍများ စသည်တို့အတွက် တရားရုံး၏ အဆင့်တိုင်းရှိ တရားသူကြီးများကို သင်တန်းပေးရေး အထောက်အကူပေးရန်။
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စာနယ်ဇင်းလွတ်လပ်ခွင့် ကိစ္စရပ်များကို ဆောင်ရွက်နေသည့် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအဖွဲ့များနှင့် အခြားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အထောက်အကူပေးရန်။